## "ကွမ်းသီးပင်"တွင်ကျရောက်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

### (၄) ဂါနိုဒါးမားပင်စည်ခြေပုပ်ရောဂါ (Basal stem rot of Betel nut)

**ရောဂါဖြစ်စေသောသက်ရှိ** - *Ganoderma lucidum* (Curtis) P. Karst. 1881

**ရောဂါလက္ခဏာများ**

ပျိုးပင်အဆင့်တွင်ရောဂါကျပါက အောက်ခြေ အလက်များ၏ အရွက်များသည် တစ်ဖက်ထဲတွင် အစိမ်းရောင်ပျောက်ခြင်း (သို့) အရွက်တစ်ရှူးများသေနေတတ်သည်။ ပင်စည်အောက်ခြေအား ကန့်လန့်ဖြတ်ပိုင်းဖြတ်ကြည့်ပါက အရောင်ပျက်၍ပျော့နေသော တစ်ရှူးသားကိုတွေ့ရသည်။ အပင်ကြီးများတွင်ရောဂါကျပါက အပင်ကြီးထွားမှုလျော့နည်းလာသည်။ အလက်ရင့်များ၏ အရွက်များ အစိမ်းရောင်ဖျော့ပြီး တစ်ရှူးများသေကာလဲကျသည်။ အပင်ခြေပင်စည်ပိုင်းတွင် မာကြောသော ဂါနိုဒါးမားမှိုများကို တွေ့နိုင်သည်။ ဂါနိုဒါးမားမှိုများကို ပင်စည်တွင် တွေ့ရှိခြင်းသည် အစာကြော ရေကြောကို မှိုရောဂါတိုက်ခိုက်ခံနေရပြီဖြစ်ကြောင်း သိရှိနိုင်သည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- ရောဂါကင်းသောပျိုးပင်များကိုသာစိုက်ပျိုးပါ။
- ရောဂါရအပင်ကို တူးထုတ်ပြီး အစိတ်အပိုင်းအားလုံးကို ဖြတ်တောက်မီးရှို့ပါ။
- ၎င်းနေရာတွင် အသစ်ပြန်စိုက်ခြင်းမပြုရပါ။